ကဇွဲကျေးရွာ

ဆိပ်ဖြူမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကဇွဲကျေးရွာ၊ ဆိပ်ဖြူမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက
ကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ်၊ ဒီဇင်ဘာ လ

မာတိကာ

စာမျက်နှာ

စကားချီး

ဆိပ်ဖြူမြို့နယ် ကဇွဲကျေးရွာ သယံဇာတပြမြေပုံ

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား/မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်နှစ်အလိုက် စီမံချက်လုပ်ငန်းများ

၅။ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယား

ဇယား(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား(၃) လုပ်ငန်းနှင့် ကျား၊မ အလိုက် အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား(၅) ဓာတ်သတ္တုနှင့် သဘာဝအရင်းအမြစ်များ

ဇယား(၆) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား(၇) ဆင်းရဲသောအိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ

ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရသည့်သူများ

ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား(၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ
ဇယား(၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား(၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု
ဇယား(၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ
ဇယား(၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား(၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား(၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား(၂၂) စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား(၂၃) စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား(၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့်အချိန်ကာလ
ဇယား(၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်း
ဇယား(၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား(၂၇) ကုန်စည်နှင့်ဝန်ဆောင်မှု စျေးကွက်လက်လှမ်းမှီမှုအခြေအနေ
ဇယား(၂၈) ငွေကြေးလက်လှမ်းမှီမှုနှင့်ဘဏ်လုပ်ငန်း
ဇယား(၂၉) သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ
ဇယား(၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း
ဇယား(၃၁) ကျောင်းတက်နှုန်း
ဇယား(၃၂) စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား(၃၃) ပညာရေးအခက်အခဲနှင့်ပြဿနာများ
ဇယား(၃၄) အဖြစ်များသောရောဂါများ
ဇယား(၃၅) လွန်ခဲ့သောကာကွယ်ဆေးထိုးနှံမှု
ဇယား(၃၆) ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ
ဇယား(၃၇) သောက်သုံးရေရရှိနိုင်မှု
ဇယား(၃၈) အိမ်သာအမျိုးအစား
ဇယား(၃၉) ကျား၊မ ရေးရာ

ဇယား(၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား(၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

ဇယား(၄၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား(၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား(၄၄) လျှပ်စစ်မီးရရှိမှုအခြေနေ

ဇယား(၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေနေ

ဇယား(၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

ဇယား(၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှုအထောက်အကူများအား လက်လှမ်းမှီမှု

ဇယား(၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

ဖ။ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်များ (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)

စကားချီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ခု ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာအကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကခွဲကျေးရွာ၏ ကျေးရွာသူ/သားများပါဝင်ရေးဆွဲထားသည့် ပထမဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့်အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိ ခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက်များကိုသာ ပြုစုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်မံဖြည့်စေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရန် လိုအပ်ပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဆိပ်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကဇွဲကျေးရွာ
ဆိပ်ဖြူမြို့နယ်

အောက်တိုဘာလ ၊ ၂၀၁၈ ခုနှစ်။



ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်

ကဇွဲကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီ အစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့မှ လိုအပ်သော ကိန်းဂဏန်း၊သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကို သိတိုပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံ တွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အခြေခံအချက်များ၊ ဖွံ့ဖြိုးရေးကို အထောက် အပံ့ဖြစ်စေသော အချက်များနှင့် အဟန့်အတား ဖြစ်စေသော အချက်များ၊ (၅)နှစ်တာ ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များ ရရှိရန် ကျွန်ုပ်တို့အနေဖြင့် ဆောင်ရွက်မည့်နည်းဗျူဟာများ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ သတင်းနှင့် ပြည်သူဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရရှိစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုကို သိရှိစေရန် မျှော်လင့်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြသွားမည်ဖြစ်ပါသည်။ ပုဂ္ဂလိကအဖွဲ့အစည်းများအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထုလိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ

လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားချေးငွေလုပ်ငန်းများအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ် တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာချေးငွေအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီ အစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တက်နိုင်သောငွေကြေး၊အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရရှိလာနိုင်မည့် အကူအညီများကို အခြေ ခံကာ ဦးစားပေးစီမံကိန်းများကို ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းကဲ့သို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ဤသို့ဖြင့်လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်း အားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

၁။ တည်နေရာနှင့် ပထဝီအနေအထား

ကဇွဲကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်၏ အနောက်ဘက်တွင် တည်ရှိပြီး ဆိပ်ဖြူမြို့နှင့် (၁၄)မိုင် ကွာဝေးပါသည်။ ကဇွဲကျေးရွာသည် ဆိပ်ဖြူမြို့သို့သွားရန် ကားလမ်းမပေါ်သို့ရောက်ရှိအောင် (၂)မိုင်ကွာဝေးပါသည်။ ကျေးရွာ၏ မြောက်ဘက်တွင် ကုန်းပြင်f

မြင့် များရှိ၍ မြေပြင်အနေအထားမှာ ညီညာမှုမရှိပါ။ ကျေးရွာတည်နေရာသည် **ချစ်ချောင်း**ဘေးတွင် ရှိပြီး ချစ်ချောင်းရေကျလာလျှင် စိုက်ပျိုးမြေများကို တိုက်စားမှုဒဏ်ခံရ၍ လယ်မြေနည်းပါးပါသည်။ ကုန်းမြင့်များပေါ်တွင် သန်းပင်၊ ဒဟတ်ပင်များလည်း ပေါက်ရောက်လျှက်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ (၃၀) နှင့်(၄၀)ကြားတွင်ရှိပါသည်။ ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေရရှိမှုနည်းပါးပါသည်။ ကျေးရွာတွင် သဘာဝသယံဇာတ ထွက်ရှိမှု မရှိပါ။ ယာစိုက်ပျိုးရေး ကဏ္ဍတွင် ကိုယ်ပိုင်လုပ်ကိုင်သူ ( )ဦးရှိပါသည်။ တောင်သူအများစုမှာ ချောင်းမြေများကို ဆောင်း ရာသီတွင် အဓိကစိုက်ပျိုးကြရပါသည်။ တောင်သူအများစုမှာလည်း လုပ်ကိုင်ရအလွန်ခက်ခဲလှပါသည်။ ချောင်းမြေမှာ (၆၀)ဧကခန့်ရှိပြီး ကျွန်းမြေမှာ ကျွန်းမြေမှာ (၅၂)ဧကခန့် ရှိသော်လည်း ချောင်းရေ၏ တိုက်စားမှုကြောင့် လျော့ပါလျက်ရှိပါသည်။ လယ်မြေဧကအားဖြင့် (၃၅)ဧကခန့်ရှိပြီး ရေတွင်းမှ စက်များဖြင့် ရေတင်ပြီး စပါးအနည်းငယ်သာ စိုက်ပျိုးနိုင်ပါသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဘာသာရေးအဖွဲ့အနေဖြင့် ဝတ်အသင်းအဖွဲ့၊ပညာရေးအတွက် ကျောင်းပဒေသာပင်အဖွဲ့၊ မီးကင်းအဖွဲ့အား ဆယ်အိမ်စုအလိုက် (၁၀)ဦးစီ ညစဉ်ဆောင်ရွက်လျှက်ရှိပြီး၊ အမျိုး သမီးဝေယျာဝစ္စ အဖွဲ့ဝင်(၁၅)ဦးဖြင့် ဖွဲ့စည်းထားရှိပြီး ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူမှုရေးလုပ် ငန်းများကို တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ပြင်ပအဖွဲ့အစည်းများအနေဖြင့် ပက်စ်မြန်မာ၊ ချက်စပီ နှင့် Wavemoneyများမှ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှုရှိပြီး အဖွဲ့အစည်းများ စွမ်းဆောင် ရည်မြှင့်တင်ရေး သင်တန်းများ ရရှိပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာ နိုင်ပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မှု မရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စား လုပ်သမားများ၊ စျေးရောင်း၊ လက်သမား၊ အပ်ချုပ်၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့ဖြစ်ကြပါသည်။ တောင်သူလုပ်ငန်းများမှာ ရာသီဥတုမမှန်၍ သီးနှံအထွက်မကောင်းသောကြောင့် ဝင်ငွေနည်းပါးပါသည်။နေ့စားအလုပ်သမားများမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေရရှိမှု မမှန်ခြင်းကြောင့် မိသားစုဝင်ငွေ နည်းပါးပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားပြီး ထိုအခြေအနေသည် ကျေးရွာ၏

အလားအလာကောင်းတစ်ရပ်ဖြစ် သည်။ အပ်ချုပ်၊ ဇာထိုး၊ ပန်းထိုး၊ ဆံပင်အလှပြင်၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ကားဝပ်ရှော့ စသည်တို့သည် အသက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်ကြသော်လည်း ရွာသူ/သားအများစုသည် အဆိုပါ သင်တန်းများနှင့် အထိအတွေ့နည်းပါးကြပါသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ် နိမ့်ကျပြီး သင်တန်းစရိတ် အကုန်အကျခံနိုင်ရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း ငွေကြေးမတတ်နိုင်ကြချေ။

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

ကျေးရွာတွင်အခြေခံအဆောက်အဦးများမှာ အများအားဖြင့် ဆင်းရဲနွမ်းပါးသူများဖြစ်ပြီး သဘာဝထန်းလက်မိုး၊ သက္ကယ်မိုး၊ ဝါးထရံကာ၍ နေသူများဖြစ်ကြပါသည်။ တချို့သည်လည်း သွပ်မိုး နေထိုင်သူများလည်းရှိပါသည်။ ကျေးရွာ၏ ဝန်ဆောင်မှုများအနေဖြင့် ကျန်းမာရေး၊ ပညာရေး၊ ဘာသာ ရေးဟု အပိုင်းခွဲခြားထားပါသည်။ ကျန်းမာရေးအနေဖြင့် ရွာ၏ တောင်ဘက် (၅)မိုင်ခန့်အကွာ ငွေးပင် ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ သွားရပါသည်။ အရေးပေါ်အခြေအနေများတွင် ဆိပ်ဖြူမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ရပါသည်။ အရေးပေါ်အခြေအနေများတွင် ကျေးရွာတွင်းရှိ ငွေကြေးမပြည့်စုံသူများကို ကျန်းမာရေးအတွက် ကျေးရွာ၏ အုပ်ချုပ်ရေးအဖွဲ့မှ ဖွဲ့စည်းပေးထားသော ရွာသူ/သားများ၏ ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး ကုန်ကျငွေ၏ တစ်စိတ်တစ်ပိုင်း ထောက်ပံ့ပေးကာ သွားရောက်ကုသစေပါသည်။ ပညာရေးအနေဖြင့်လည်း ကျောင်းပဒေသာပင်ရန်ပုံငွေဖွဲ့စည်းထားပြီး ပညာရေးအထောက်အပံ့ပေးထားပါသည်။ ဘာသာရေးပိုင်းတွင်လည်း ရွာဦးကျောင်း ဆရာတော်၏ လမ်းညွှန်ချက်အတိုင်း ဝတ်အသင်းများ ဖွဲ့စည်းထားပြီး ဘာသာရေးကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာ၏ ကျန်းမာရေး၊ ပညာရေး ထောက်ပံ့ဝန်ဆောင်မှုများမှာ ကုန်ကျသလောက် ထောက်ပံ့မှုမပေးနိုင်သော်လည်း ဝန်ဆောင်မှုအားဖြင့် အသင့်အတင့်ရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ကာလတိုချေးငွေများ ရရှိပါသည်။ ၃လ မှ ၆လအတွင်း ပြန်ဆက်ရပါသည်။ အတိုးနှုန်းမှာ ၂%ဖြစ်သည်။ အပေါင်ပစ္စည်းများအနေဖြင့် ပုံစံ(၇) တင်ပြရပါသည်။ ၎င်းချေးငွေရရန် အခက်အခဲရှိပါသည်။ သမဝါယမအသင်းချေးငွေရှိပါသည်။ ၎င်းမှာလည်း ကာလတိုချေးငွေဖြစ်ပါသည်။ ၃လ မှ ၆လ အတွင်း ပြန်လည်ပေးဆပ်ရပြီး အတိုး နှုန်း ၂% ပေးရပါသည်။ အပေါင်ပစ္စည်း မလိုအပ်ပါ။ ၎င်းချေးငွေရရန် အခက်အခဲနည်းပါးပါ သည်။ အဖွဲ့လိုက်ငွေစု/ငွေချေးရှိပြီး ကာလတို ဖြစ်ပါသည်။၃လမှ၆လအတွင်း ပြန်လည်ပေးဆပ်ရပြီး အတိုးနှုန်းမှာ ၂% မှ ၅%အထိ ပေးဆပ်ရပါသည်။ အပေါင်ပစ္စည်းမလိုအပ်ပါ။ ချေးငွေရရန် အခက် အခဲရှိပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းအရင်းမျိုးစုံ (ပညာရေး၊ ကျန်းမာရေး၊ ရိက္ခာ)တို့အတွက် အထူးသဖြင့် စာနပ်ရိက္ခာအတွက်ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်း တွေ့ရှိရပါသည်။

(c) ပညာရေး

ကျေးရွာတွင် မူလွန်ကျောင်းရှိပြီး စာသင်ကျောင်းဝိုင်း၏ ဧရိယာမှာ အလျား ၂၅၀'၊ အနံ ၂၀၃'၊ ဧကအားဖြင့် (၁.၁၆)ဧကရှိသည်။ ကျောင်းဆောင်မှာ အဆောင်(၃)ဆောင်ရှိပါသည်။ အဆောင် (၁)သည် အိုင်ပုံစံဖြစ်၍ အလျား ၆၀'၊ အနံ ၃၀'၊ အမြင့် ၁၀' ရှိပြီး နိုင်ငံတော်မှ ထောက်ပံ့ငွေ (၅)သိန်း+ ကျေးရွာ ထည့်ဝင်ငွေ (၇၁၂၄၉၀) စုစုပေါင်း (၁၂၁၂၄၉၀) ကုန်ကျပါသည်။ အဆောင်များမှာ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်အခင်း ခင်းထားပါသည်။ အဆောင် (၂)မှာ အိုင်ပုံစံဖြစ်၍ အလျား ၆၀'၊ အနံ ၃၀'၊ အမြင့် ၁၂' ရှိပြီး နိုင်ငံတော်မှ ထောက်ပံ့ငွေ (၅၅)သိန်း+ ကျေးရွာ(၁၁၅)သိန်း၊ စုစုပေါင်း (၁၇၀)သိန်း ကုန်ကျပါသည်။ အဆောင် (၃)မှာ အိုင်ပုံစံဖြစ်၍ အလျား ၆၀'၊ အနံ ၃၀'၊ အမြင့် ၁၂' ဖြစ်သည်။ လက်ရှိ တွင် အကာနှင့်အခင်း မရှိသေးပါ။ ကျေးရွာ၏ ကိုယ်ထူကိုယ်ထစနစ်ဖြင့် သိန်း (၁၂၀)ကုန်ကျထားပါ သည်။ ကျောင်းအိမ်သာများမှာ ရေလောင်းအိမ်သာများဖြစ်ကြပါသည်။ မူလွန်ကျောင်းဖြစ်၍ အစိုးရခန့် ကျောင်းဆရာ (၃)ဦး၊ ဆရာမ(၄)ဦး စုစုပေါင်း (၇)ဦးနှင့် ကျေးရွာခန့် (၁)ဦးရှိပါသည်။ တပည့်နှင့် ဆရာအချိုးမှာ (၄၀:၁) အထက်ရှိ၍ ကျောင်းဆရာ/မ အင်အားလုံလောက်မှုမရှိပါ။ အဘယ်ကြောင့်ဆိုသော် အနီးနား ကျေးရွာများမှ ကျောင်းသားများလည်း တက်ရောက်ခြင်းကြောင့်ဖြစ်ပါသည်။ ကျေးရွာ ၏ ကျောင်းဆောင်ကုန်ကျစရိတ်များကို ကြည့်ခြင်းဖြင့် ကျောင်းကော်မတီနှင့် ကျေးရွာသည် ပညာရေး ကိုတက်ကြွစွာ အားပေးမှုကို သိရှိနိုင်ပါသည်။ ကျောင်းပဒေသာပင်ရန်ပုံငွေထူထောင်ထားပြီး လိုအပ် သော ပညာရေးအထောက်အပံ့များပေးပြီး တက္ကသိုလ်တက်ရောက်မည့်သူများနှင့် ဂုဏ်ထူးရ ကျောင်းသား/သူများကိုလည်း အထောက်အပံ့များပေးပါသည်။

(စ) ကျန်းမာရေး

ကျန်းမာရေးတွင် ငွေးပင်ကျေးရွာ ကျေးလက် ကျန်းမာရေးဌာနမှ ကျန်းမာရေး ဆရာမလာရောက်၍ကာကွယ်ဆေးထိုးနှံခြင်းအာ ပုံမှန်ဆောင်ရွက်ပေးပါသည်။ ကျေးလက်ကျန်းမာ ရေးဌာနခွဲသည် ငွေးပင်ကျေးရွာတွင်ရှိပြီး (၅)မိုင်ခန့်ကွာဝေးပါသည်။ မြို့နယ်ဆေးရုံးမှာ ဆိပ်ဖြူမြို့ ပေါ်တွင်ရှိပြီး (၁၄)မိုင်ခန့်ကွာဝေးပါသည်။ ဆေးဝယ်ယူရာတွင်လည်း မြို့ပေါ်သွားရောက်၍ ဝယ်ယူရပါသည်။ ဆေးဆိုင်များတွင် ဆေးကိုစနစ်တကျ သိုလှောင်ထားပါသည်။ ကျေးလက်ကျန်း မာရေးဌာနခွဲတွင် အခန်းနှင့် ကုတင်လုံလောက်မှုမရှိပါ။

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာမှ လယ်မြေများသည် နှစ်စဉ် စပါးစိုက်ပျိုးခြင်း၊ သီးထပ်စိုက်ပျိုး ခြင်း၊ ကွမ်းစိုက်ပျိုးခြင်း၊ ဓာတုဗေဒကွန်ပေါင်းမြေဩဇာများ၊ သဘာဝဓါတ်မြေဩဇာများ၊ နှစ်စဉ်မထည့်သွင်း နိုင်ခြင်းကြောင့် မြေဆီလွှာများပျက်ယွင်းမှုနှင့် ကြုံတွေ့နေရပါသည်။ ဆောင်း သီးနှံ ခရမ်းချဉ်၊ ကြက်သွန် စိုက်ခင်းများတွင် ပိုးသတ်ဆေးအသုံးပြုရသောကြောင့် သဘာဝပတ် ဝန်းကျင်ထိခိုက်မှုရှိပါသည်။ ပိုးသတ်ဆေးများအသုံးပြုရာတွင် ဓာတ်ကြွင်းအန္တရာယ်လျော့ပါးရေး အတွက် ဘေးကင်းလုံခြုံမှုရှိရန်၊ လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်းတွင်

အားနည်းသေးကြောင်းတွေ့ရှိရပါသည်။ မိုးရာသီး၌ မိုးခေါင်ကာလများတွင် တောင်သူများ၏ သီးနှံခင်းများ ပျက်စီးခြင်း ကြုံတွေ့ရပါသည်။

(၉) ကျား–မ ရေးရာ

ကျား–မဆိုင်ရာ အခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုး သား၊ အမျိုးသမီးများက ပူးပေါင်းပါဝင်ဆောင်ရွက်လေ့ရှိပါသည်။ အမျိုးသမီးများသည် အိမ်တွင်းမှု လုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသော ကိစ္စများကိုသာ ဆောင်ရွက်ကြ ရပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနုတ်ခြင်း၊ ကောက်စိုက်ခြင်း၊ နှမ်း နုတ်ခြင်း၊ ကြက်သွန်စိုက်ခြင်း၊ ကွမ်းခူးခြင်းများကို လုပ်ကိုင်ကြပြီး အမျိုးသားများသည် လယ်ထွန် ခြင်း၊ ကျင်းခတ်ခြင်း စသည့်လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ဘာသာရေးအထိမ်းအမှတ် ရိုးရာယဉ်ကျေးမှုပွဲတော်များတွင် (ဘုရားပွဲကျင်းပခြင်း၊ စုပေါင်းကထိန် အလှူပွဲ၊ ရှင်ပြုအလှူပွဲများ ကျင်းပခြင်း၊ ဘုန်းတော်ကြီးကျောင်းဆရာတော်၏ ဦး:ဆောင်မှုဖြင့် တရားပွဲများကျင်းပခြင်း၊ ဆီမီးတစ်ထောင် ပန်းတစ်ထောင် မီးထွန်းပွဲတော်များ ကျင်းပခြင်း၊ အသံမစဲပဌာန်းပွဲများ၊အဘိဓမ္မာ၊ ဓမ္မစကြာပွဲ)များတွင် အတူပူးပေါင်းပါဝင် တက်ကြွစွာ ဆောင်ရွက်ကြပါသည်။လုပ်ငန်းခွင်တွင်အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခပိုမို ရရှိရပါသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စများတွင် အမျိုးသား/သမီးများ ပူးပေါင်းပါဝင်ဆောင် ရွက်လုပ်ကိုင်ကြောင်း တွေ့ရှိရပါသည်။ မူလတန်းကျောင်း ပညာရေးမှ တက္ကသိုလ် ပညာရေးအထိ ကျား/မ တန်းတူအခွင့်အရေးရှိပါသည်။

ကဇွဲကျေးရွာ၊ ပေတောကျေးရွာအုပ်စု၊ ဆိပ်ဖြူမြို့နယ်

ဦးစားပေးစီမံကိန်းများ အကောင်အထည်ဖော်မည့် အချိန်ကာလဇယား

ဦးစားပေး အဆင့်	စီမံချက်	ရမှတ် ပေါင်း	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃
၁	ကျေးရွာလျှပ်စစ်မီးလင်းရေး (အင်ဂျင်+ဒိုင်နမို)	၁၀၀	✓				
၂	ကျေးရွာတွင်းလမ်း အဆင့်မြှင့်တင်ခြင်းနှင့် ကျေးရွာဝိုင်းသစ်တိုးချဲ့ခြင်း	၉၇		✓			
၃	ကျောင်းဆောင်သစ်၊ကျောင်းဆရာ/မများ၊ ပရိဘောဂများနှင့် သင်ထောက်ကူပစ္စည်းများ ရရှိရေးစီမံချက်	၈၆			✓		
၄	ကျေးရွာအားကစားကွင်းရရှိရေး	၈၄				✓	
၅	ကျေးလက်ကျန်းမာရေးဝန်ထမ်းရရှိရေး	၇၉					✓
၆	အိမ်တွင်းမှုအသက်မွေးဝမ်းကျောင်းသင်တန်း များရရှိရေး	၇၅					✓
၇	လယ်ယာသုံးစက်ကိရိယာအမျိုးမျိုးရရှိရေး	၇၀					✓
၈	ယာမြေများတွင် စိုက်ပျိုးရေးလုပ်ကိုင်ရန် အဝိစိရေတွင်းတူးဖော်ခြင်း	၆၇					✓

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁	၄၁၇	၃၁
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၃	၇	၁၀
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၈	၂၃	၅၁
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၃	၂၅	၄၈
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၈၃	၂၀၁	၃၈၄
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၄	၁၄	၂၈
စုစုပေါင်း		၂၆၅	၂၈၇	၅၅၂

အသက်အုပ်စု	ကျား	မ	စုစုပေါင်း
စုစုပေါင်း အိမ်ထောင်စု	၁၂၀		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏အိမ်ထောင်စု ၁၁၈စုတွင် လူဦးရေ(၅၅၂)ဦး သာရှိကြောင်း တွေ့ရှိရပါ သည်။ ပျမ်းမျှအားဖြင့် အိမ်ထောင်စုတစုလျှင်ပျမ်းမျှလူဦးရေ(၄)ဦးနှုန်းသာရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၁၃	၁၃၁		မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်✓ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၃	၁၃		မြင့် ☐ လတ် ✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၃					
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့်☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၆	၁	မြင့် ☐ လတ်☐ နိမ့်✓
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃			မြင့် ☐ လတ်☐ နိမ့် ✓
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့်
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း		၂		မြင့် ☐ လတ်☐ နိမ့် ✓
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း		၁		မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း		၁၃		မြင့် ☐ လတ်☐ နိမ့် ✓
	စုစုပေါင်း		**၁၆၆**		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင် လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါ

လုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ငါးမွေးမြူရေး၊ သတ္တုအပါအဝင် တွင်းထွက်လုပ်ငန်း၊ လျှပ်စစ်၊ ခါတ်ငွေ့ အပါအဝင်၊ အခြားသော လုပ်ငန်းများလုပ်ကိုင်သူမရှိပါ။ စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သူများသာ ဖြစ်သောကြောင့်ဖြစ်ပါသည်။ မြေလွတ်စိုက်ပျိုးသူများသာ အများစုဖြစ်ပြီး အစိုးရ ဆောက်လုပ်ရေးလုပ်သားနှင့်ကျောင်းဆရာမ အနည်းငယ်သာရှိပါသည်။ စိုက်ပျိုးရေး ကိုယ်ပိုင်လုပ်ကိုင် သူများနှင့် အများစုသည် နေ့စားလုပ်သမားများဖြစ်ကြပါသည်။ လက်လီလက်ကား ရောင်းဝယ်သူ အနည်းငယ်ရှိပြီး ပညာရေးဝန်ထမ်း (၂)ဦး၊ ကျန်းမာရေးဝန်ထမ်း(၁)ဦးနှင် ကုမ္ပဏီ များတွင် လုပ်ကိုင်သူ (၁၃)ဦး ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၄၀၀၀	၅၀၀၀	၃၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၆၀၀၀	၄၀၀၀	၅၀၀၀	၃၅၀၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၈၀၀၀	၄၀၀၀	၇၀၀၀	၃၅၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့်စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ လယ်ယာစိုက်ပျိုးရေးနှင့်လက်သမား၊ပန်းရံလုပ်ငန်းများသာ နေ့စားဖြင့် လုပ်ကိုင်ကြပြီးကျန်သောလုပ်ငန်းများမှာမိသားစု၏တပိုင်တနိုင်လုပ်ငန်းများသာဖြစ်၍နေ့စားအလုပ်သမားငှားရမ်း သုံးစွဲခြင်းမရှိကြောင်းတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၃၅.၅	ကောင်း ☐	သင့်☐	ညံ့ ✓
ယာမြေ / တောင်ယာမြေ	၅၇.၂၅	ကောင်း ☐	သင့်☐	ညံ့ ✓
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၅၂	ကောင်း ☐	သင့်✓	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၁၄၄.၅၅**	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့်နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ လယ်မြေပိုင်ဆိုင်မှု နည်းပါးပါသည်။ ယာမြေနှင့် ကျွန်းမြေအသင့်အတင့်ရှိပြီး စားကျက်မြေမရှိပါ။ ချောင်းရေတိုက်စားမှုကြောင့် လယ်မြေများ ရှားပါးလာပြီး ဆောင်းရာသီအချိန်တွင် ချောင်းမြေကိုအဓိကထား၍ စိုက်ပျိုးရေးလုပ်ကိုင်သူများကြောင်း တွေ့ရှိရပါသည်။ ကျွန်းမြေကို ဆောင်းရာသီတွင် အိမ်ထောင်စုများကို အညီအမျှခွဲဝေစိုက်ပျိုးကြသောကြောင့် အိမ်ထောင်စုတိုင်း လုပ်ကိုင်ဆောင်ရွက် ကြပါသည်။ ခွဲတမ်းရရှိသော ကျွန်းမြေကို မလုပ်ကိုင်နိုင်သော အိမ်ထောင်စု အနည်းငယ်ရှိပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ✓ သင့်☐ နည်း ☐ မရှိ ☐	လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်✓ နည်း ☐ မရှိ ☐	လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ✓ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ၊ သဘာဝတိရိစ္ဆာန်မျိုး စိတ်များမရှိကြောင်းနှင့်ကျောက်၊သဲ၊ကျောက်စရစ်ကို ရွာအနီးရှိ ချောင်းမှ အလွယ်တကူရရှိပါသည်။ သဘာဝ အပင်မျိုးစိတ်များလည်း အသင့်အတင့်ရရှိပြီး အလွယ်တကူ အသုံးပြုနိုင်ပါသည်။ သဘာဝတိရစ္ဆာန် မျိုးစိတ်များမှာ အနည်းငယ်သာရှိကြောင်းတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်း အရာ	**သတ်မှတ်စံနှုန်း**			
	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ်ရှိ သောအိမ်ထောင်စု**	**မပြေလည်သော အိမ်ထောင်စု**	**အလွန်မပြေလည် သောအိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	၇ ဧကအထက်	၂.၅ ဧကနှင့်၇ ဧကကြား	၂.၅ ဧကအောက်	မြေယာမဲ့

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
အိမ်အခြေအနေ	သွပ်မိုးၚအုတ်နံရံ (၂)ထပ်	သွပ်မိုးၚအုတ်နံရံ	သွပ်မိုးၚထရံကာ	သွပ်ၚထန်းရွက်မိုးၚဝါးၚထန်းလက်ကာ
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု	နွားၚလှည်းနှင့် ထွန်ယက်ပစ္စည်းများ	နွားၚလှည်းနှင့်ထွန်ယက်ပစ္စည်းများ	နွားၚလှည်းနှင့်ထွန်ယက်ပစ္စည်းများ	မရှိပါ
အဓိကစီးပွားရေးလုပ်ငန်း	တောင်သူ	တောင်သူ	တောင်သူ	အငှားလိုက်သူ
အိမ်ထောင်စု	၉	၁၈	၃၀	၆၃

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ကျေးရွာ၏ဥစ္စာဓနအခြေအနေမှာ အဆင်ပြေသောအိမ်ထောင်စု အနည်းငယ်သာ ရှိပြီး စိုက်ပျိုးချိန်ရောက်လျှင် အဆင့်(၃)နှင့် အဆင့်(၄)ဟု သတ်မှတ်ထားသော အိမ်ထောင်စုများမှာ ငွေကြေး အခက်အခဲအများဆုံး တွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၄၀	အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = ၄၀ လုပ်အားခကြိုယူ =
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၂၃	အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = ၂၃

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		လုပ်အားခကြိုယူ =
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = လုပ်အားခကြိုယူ =

ရင်းမြစ်..ဥစ္စာဓနအဆင့်"၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ကျန်သောမပြေလည်သောအိမ်ထောင်စုများမှာဆွေမျိုး(သို့မဟုတ်) မိတ်ဆွေများထံမှ ချေးငှားစားသောက်နေရပြီးအားလုံးမှာအကြွေးရှိသူများဖြစ်ကြောင်းတွေ့ရှိရပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်		-	
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မိသားစုစောက်ရှောက်မှုမရှိသောသက်ကြီးရွယ်အို(၆၄)နှစ်နှင့်အထက်၊ ဆင်းရဲသော မိသားစုဦးရေများသည် မုဆိုးဖို၊တခုလပ်ဦးဆောင်သည့်အိမ်ထောင်စုများမရှိပါ ကြောင်းနှင့် ဆင်းရဲ၍မိသားစုများသောအမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု (၁)စုသာရှိကြောင်း တွေ့ရှိရပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ✓	လတ် ☐	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ✓	လတ် ☐	နိမ့်☐	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ✓	လတ် ☐	နိမ့်☐	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၂	၄က်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာမြေနည်းပါးသည့်အတွက် လုံလောက်မှုမရှိပါ။ မုန်တိုင်းဖြစ်ပေါ်ချိတွင် ရေကြီး၍ ကျန်အချိန်များတွင် လုံလောက်သော မိုးရေချိန်လက်မအလုံအလောက်မရရှိပါ။ငလျင်ဒဏ်၊ မီးဘေးဒဏ်များ မရှိသလောက်နည်းပါးပါသည်။ ဆားငန်ရေဝင် မြေနှင့် ရွာပိုင်သစ်တောထိန်းသိမ်းထား၍ သစ်တောပြုန်းတီးခြင်း လုံးဝမရှိပါ။ ချောင်းရေ တိုက်စား၍ မြေပြိုခြင်းအများဆုံးဖြစ်ပါသည်။ ၄က်ဖျားရောဂါ၊ တီဘီရောဂါနှင့် ကိုယ်ခံအားကျ ဆင်းမှုရောဂါ ဖြစ်ခြင်း နည်းပါးပါသည်။ တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှုအနည်းငယ်ရှိပါ သည်။ လမ်းပန်းဆက်သွယ်ရေးမှာ သွားလာရေးအဆင်ပြေရုံမျှသာရှိပါသည်။

(c-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၃	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၄	ပင်လယ်၊ မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ်☐	မရှိ ✓
၅	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၆	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ်☐	မရှိ✓
၇	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၈	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ်☐	မရှိ✓
၉	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ✓	လတ် ☐	နိမ့် ☐	မရှိ ☐
၁၀	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ်☐	မရှိ✓
၁၁	ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ်☐	မရှိ✓
၁၂	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ်☐	မရှိ✓
၁၃	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ်☐	မရှိ✓
၁၄	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ်☐	မရှိ✓
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ်☐	မရှိ✓
၁၆	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၇	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၈	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လက်လုပ်လက်စားများ၊ ကျပန်းများသာ ထိခိုက်သက်ရောက်လွယ်ကူသူများ ဖြစ်ကြပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေး အဖွဲ့	၁✓ ၂☐ ၃☐	၁၃		၁၃	ပညာရေး ✓ ဌေးကြေး ✓ ကျန်းမာရေး ✓ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ✓ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ✓	ကောင်း ✓ သင့် ☐ ညံ့ ☐
၂	လူမှုရေး ပရဟိတ အဖွဲ့	၁✓ ၂☐ ၃☐	၁၈	၂	၂၀	ပညာရေး ☐ ဌေးကြေး ✓ ကျန်းမာရေး ✓ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐
၃	ပက်စ် မြန်မာ	၁☐ ၂✓ ၃☐	၅	၅	၁၀	ပညာရေး ✓ ဌေးကြေး ✓ ကျန်းမာရေး ✓ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ✓ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✓ သင့် ☐ ညံ့ ☐
၄	ကျောင်းပဒေသာပင်	၁✓ ၂☐ ၃☐	၁၂	၃	၁၅	ပညာရေး ✓ ဌေးကြေး ✓ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၅	ချက်စပီ	၁☐ ၂☐ ၃☐	၄	၃	၇	ပညာရေး ☐ ငွေကြေး ✓ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ✓ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐
၆		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၇		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့သည် ရွာ၏ ကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးပါသည်။ ပက်မြန်မာအဖွဲ့သည်လည်း ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ စိုက်ပျိုး/ မွေးမြူရေး၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ပါဝင်ေဖြရှင်းပေးပါသည်။ ကျေးရွာသူ /သားများ စုပေါင်းထားသေ ာရန်ပုံငွေများဖြင့် ကူညီထောက်ပံ့နေကြောင်း တွေ့ရှိရပါသည် ။

(က–၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ပက်စ်မြန်မာ	၁✓ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ✓ ငွေကြေး ✓ ကျန်းမာရေး✓ ဘာသာရေး✓ စိုက်ပျိုးမွေးမြူရေး ✓ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ✓
၂	ချက်စပီ	၁☐ ၂✓ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ✓ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃	Un-Habitat	၁☐ ၂☐ ၃✓ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး✓ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂ အဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။

လေ့လာတွေ့ရှိချက်။ ။ ပက်စ်မြန်မာမှ သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေး၊ ပညာရေးအစရှိသည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ချက်စပီမှ စိုက်ပျိုးရေး၊ မွေးမြူရေး ဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်ပါသည်။ Un-Habitatမှလည်း ကျန်းမာရေးအတွက် သဲရေစစ်အိုးများ၊ အိမ်သာများကို လုပ်ဆောင်ပေးပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၇၆	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၂၄	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၂၀	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား		တောင်သူလတ်
၅	၁၂.၅ ဧက အထက်		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၁၂၀**	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် (၁၂.၅)ဧကအထက်ပိုင်ဆိုင်သူမရှိပါ။ ကျေးရွာ၏ အိမ်ထောင်စုများသည် ချောင်းမြေတွင် ဆောင်းရာသီ ကြက်သွန်ကို အဓိကထား စိုက်ပျိုးကြသူများ ဖြစ်သောကြောင့် ကျွန်းမြေပေါများကြောင်း တွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐	ရှိ☐ မရှိ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐	ရှိ☐ မရှိ☐
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐	ရှိ☐ မရှိ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်✓	ရှိ☐ မရှိ✓
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး✓ ရာသီအလိုက်☐	ရှိ☐ မရှိ✓
၆	လက်ငင်းရေတွင်း		တစ်နှစ်ပတ်လုံး✓ ရာသီအလိုက်☐	ရှိ✓ မရှိ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်✓	ရှိ☐ မရှိ✓
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်✓	ရှိ☐ မရှိ✓

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ မိုးရွာသွန်းချိန်တွင် ချောင်းရေ၊ ရိုးရေများကို ရေသွန်း၍ စိုက်ပျိုးရသော်လည်း လုံလောက်ရေ မရရှိသောကြောင့် ရေတွင်းများမှ စက်ဖြင့် ရေတင်၍ စိုက်ပျိုးရပါသည်။ အဝီစိတွင်းရေမှာ လည်း အနည်းငယ်သာ အသုံးပြုပါသည်။ မိုးရာသီတွင် စိမ့်စမ်းရေ၊ ချောင်းရေ ရရှိသော်လည်း လုံလောက်စွာ မရရှိပါ။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧက အထွက်နှုန်း	သီးနှံစိုက်ပျိုးသည့်ကာလ	သွင်းအားစုလိုအပ်ချက် (မှန်ရာ<u>တစ်ခုကို သာ</u> ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာ<u>တစ်ခုကို သာ</u> ရွေးရန်)

		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
ကြက်သွန်	၅၂	ပိဿာ	၄၀၀၀	၅၀၀၀	၄၅၀၀	၁၂	၃	မြင့်✓ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်✓
စပါး	၁၀	တင်း	၁၀၀	၁၂၀	၁၁၀	၄	၇	မြင့်☐ လတ်☐ နိမ့်✓	မြင့်☐ လတ်☐ နိမ့်✓
ပဲတီစိမ်း	၂၀	တင်း	၃	၅	၄	၈	၂	မြင့်☐ လတ်☐ နိမ့်✓	မြင့်☐ လတ်☐ နိမ့်✓
ပြောင်း	၂၀	တင်း	၅	၇	၆	၈	၂	မြင့်☐ လတ်☐ နိမ့်✓	မြင့်☐ လတ်☐ နိမ့်✓
နှမ်း	၁၀	တင်း	၃	၅	၄	၇	၉	မြင့်☐ လတ်☐ နိမ့်✓	မြင့်☐ လတ်☐ နိမ့်✓
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းရှိ အိမ်ထောင်စုများမှာ ကြက်သွန်ကို အဓိကထား စိုက်ပျိုးကြပါသည်။ ယာမြေတွင် ပဲတီစိမ်း၊ ပြောင်း၊ နှမ်းစိုက်ပြီး လယ်မြေတွင် စပါးကို ရေတင်စနစ်ဖြင့် တစ်ပိုင်တစ်နိုင်စိုက်ကြပါသည်။ အထွက်နှုန်းမှာ ရာသီဥတု ပေါ်မူတည်၍ အထွက်နှုန်းကွာခြားခြင်း နှင့် ဈေးကွက်ပေါ်မူတည်၍ အမြတ်အစွန်းရရှိကြပါသည်။ ချောင်းမြေတွင် ကြက်သွန်စိုက်ဧက အားဖြင့် အများဆုံး စိုက်ကြပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	၁			၁၁၀
လက်တွန်းထွန်စက်				
အစေ့ချ ကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်	၁၁၅			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်				

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ထွန်စက်(၁)စီးသာရှိပြီး ရေစုတ်စက် (၁၁၅)လုံးရှိပါသည်။

ချောင်းမြေတွင် ကြက်သွန်ကို စက်ရေဖျန်းစနစ်ဖြင့် စိုက်ပျိုးသောကြောင့် အိမ်ထောင်စုတိုင်းနီးပါး ရေစုတ်စက်ရှိပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ ✓
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ ✓
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ ✓
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ✓ ရသည် ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ✓
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ✓
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ✓
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည် ✓
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည် ✓
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ✓

